၄။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ဆောင်ရွက်ခွင့်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ စဉ်းစားရာတွင် ရင်းနှီးမြှုပ်နှံသူမှ ပုဂ္ဂလိကပိုင်မြေတွင် ကျောက်ထုတ်လုပ်ခွင့်အား နှစ်ရှည်ဆောင်ရွက် လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ခံချက်အား အထူးအလေးထား စဉ်းစားပါသဖြင့် ဝန်ကြီးချုပ်ကိုယ်တိုင် စိစစ်လက်မှတ်ရေးထိုးပြီး ထောက်ခံပေးပါရန်နှင့် အောက်ဖော်ပြပါ သဘောထားမှတ်ချက်အား **ရက်သတ္တပတ် တစ်ပတ်အတွင်း** ပြန်ကြားပေးနိုင်ပါရန် အဆိုပြုလွှာ(တစ်)စုံအား ပူးတွဲပေးပို့လျက် ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်း ရှိ-မရှိ။

(ခ) မြို့နယ်ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်-မဖြစ်။

(ဂ) ဖော်ပြပါမြေနေရာအား အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး ပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိ/မရှိ။

(ဃ) လုပ်ငန်းဆောင်ရွက်မည့် မြေနေရာ ဟုတ်-မဟုတ်။

(င) မွန်ပြည်နယ်အစိုးရအဖွဲ့၏ သုံးသပ်အကြံပြုချက်။

၅။ Mya Kan Engineering Co., Ltd. နှင့်ဆက်သွယ်ရန်လိပ်စာမှာ ဦးသိန်းဌေး (Consultant)၊ တယ်လီဖုန်း ၀၉- ၅၃၀၀၈၄၂ ၊ ၀၉- ၉၇၀၁၄၄၀၈၄ နှင့် ၀၉- ၉၇၅၈၄၀၇၆၈ ဖြစ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

Mya Kan Engineering Co., Ltd.

ရုံးလက်ခံ/ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အဆိုပြုချက်စိစစ်ရေးအဖွဲ့
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

စာအမှတ်၊ ရကာ-၅(အ)/မ-၀၀၇/၂၀၁၆(၀၆၃၇)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်

သို့

အဖွဲ့ခေါင်းဆောင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
One Stop Service အဖွဲ့

အကြောင်းအရာ။ **သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ**

ရည်ညွှန်းချက် ။ Mya Kan Engineering Co., Ltd.၏ ၁၀-၂-၂၀၁၆ ရက်စွဲပါစာ

၁။ Mya Kan Engineering Co., Ltd. (မြကန်အင်ဂျင်နီယာကုမ္ပဏီလီမိတက်) မှ မှန်ပြည်နယ်၊ သထုံခရိုင်၊ ငှက်ပျောတောကျေးရွာအုပ်စု၊ ကွင်းအမှတ်၊ OSS-၃၀ ၊ ကျွဲသေချောင်း အပြင်ကွင်း ရှိ မြေ ၁၀၈.၀၀ + ၅၀ + ၅၀ ဧက နှင့် ကျွဲသေချောင်းကွင်း ရှိ မြေ ၃၅.၅၆ + ၃၅.၈၈ ဧက စုစုပေါင်း မြေ ၂၇၉.၄၄ ဧကတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ခဲကျောက်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်တင်ပြလာပါသည်။

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၃) အပိုဒ် (၁၁) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပြုချက်ကို စိစစ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထားကို တောင်းခံရယူရန် လိုအပ်ပါသည်။

၃။ အဆိုပြုချက်ပါ လုပ်ငန်းဆောင်ရွက်မည့် မြေနေရာတွင် လုပ်ငန်းဆောင်ရွက်ခြင်းအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်း ရှိ-မရှိနှင့် လုပ်ငန်းဆောင်ရွက်ရန် သင့်-မသင့် စသည့်အချက်များ အပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အား **ရက်သတ္တပတ်တစ်ပတ်အတွင်း** ပြန်ကြားပေးနိုင်ပါရန်နှင့် အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဦးသိန်းဌေး (Consultant)၊ တယ်လီဖုန်း၊ ၀၉- ၅၃၀၀၈၄၂၊ ၀၉- ၉၇၀၁၄၄၀၈၄ နှင့် ၀၉-၉၇၅၈၄၀၇၆၈ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အဆိုပြုချက် (၁) စောင်အား ပူးတွဲပေးပို့လျက် ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(ဆန်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

Mya Kan Engineering Co., Ltd.
ရုံးလက်ခံ/ မှော်စာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်နယ်အစိုးရအဖွဲ့

မွန်ပြည်နယ်

စာအမှတ်၊ ၃၀၀ / ၁ - ၆၉ / ၀ခ၇ (မွန်)

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်

သို့

ဦးဌာနမှူး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရန်ကုန်မြို့၏ (၁၉-၂-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက-၅ (အ) ၊ မ-၀၀၇ / ၂၀၁၆ (၀၆၉)

၁။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ငှက်ပျောတောကျေးရွာအုပ်စု၊ ကွင်းအမှတ်(OSS-၃၀)၊ ကျွဲသေချောင်းအပြင်ကွင်းရှိ မြေ (၁၀၈. ၀၀+၅၀. ၀၀+၅၀. ၀၀)ဧက နှင့် ကျွဲသေချောင်းကွင်းရှိ မြေ (၃၅. ၅၆+၃၅. ၈၈)ဧက၊ စုစုပေါင်းမြေ(၂၇၉. ၄၄)ဧကတွင် ကျွဲသေချောင်းအပြင်ကွင်းရှိ မြေ(၁၀၈. ၀၀)အနက် မြေ(၁၀. ၀၀)ဧက၊ မြေ (၅၀. ၀၀)အနက် မြေ (၅. ၀၀)ဧက၊ မြေ (၅၀. ၀၀)အနက် မြေ (၅. ၀၀)ဧက၊ ကျွဲသေချောင်းကွင်းရှိ မြေ(၃၅. ၅၆)အနက် မြေ(၁၀. ၀၀)ဧက နှင့် မြေ(၃၅. ၈၈)အနက် မြေ(၁၀. ၀၀)ဧက၊ စုစုပေါင်းမြေ (၄၀. ၀၀)ဧကအတွက် သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၂-၁၂-၂၀၁၅)ရက်စွဲပါစာဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၁) ရက်မှ ၂၀၁၆ ခုနှစ်၊ ဇွန်လ (၃၀)ရက်နေ့အထိ တစ်နှစ် ကျောက်ထုတ်လုပ်ခွင့်လိုင်စင်ထုတ်ထားပေးပြီးဖြစ်ရာ အဆိုပါမြေတွင် ကျောက်ထုတ်လုပ်ခွင့်အား နှစ်ရှည်ဆောင်ရွက်လုပ်ကိုင်ခွင့်အတွက် **Mya Kan Engineering Co.,Ltd** မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၃) အပိုဒ်(၁၁)ပါ ပြဋ္ဌာန်းချက်နှင့်အညီအဆိုပြုချက်ကို ကော်မရှင်ကစိစစ်ရာတွင် သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးအစိုးရ၏ သဘောထားများကို ရယူရန်လိုအပ်ကြောင်း ရည်ညွှန်းပါစာဖြင့်ညှိနှိုင်းပေးပို့လာပါသည် ၊ အဖွဲ့ဖြင့်စိစစ်ပြီး အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုမည့်နေရာသည်နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိ မြို့ပြစီမံကိန်းကို ထိခိုက်ခြင်း (မရှိပါ)

(ခ) မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ (ဖြစ်ပါသည်)

(ဂ) ဖော်ပြပါမြေနေရာအား အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး ပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း (**ရှိပါသည်**)

(ဃ) လုပ်ငန်းဆောင်ရွက်မည့်မြေနေရာ (**မှန်ကန်ပါသည်**)

(င) ပြည်နယ်အစိုးရအဖွဲ့၏ အကြံပြုချက်အနေဖြင့် (**စီမံချက်ပါကာလအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါ**)

၂။ သို့ဖြစ်ပါ၍ **Mya Kan Engineering Co.,Ltd** မှ ဆောက်လုပ်ရေးလုပ်ငန်းသုံး ခဲ့ကျောက်များထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားခြင်း နှင့် ပတ်သက်၍ နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်မှုမရှိခြင်း ၊ ပြည်သူတို့၏ လူမှုစီးပွားရေးကို ထိခိုက်နိုင်မှုမရှိခြင်း ၊ မြို့နယ်ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း နှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်ခြင်း ၊ ဒေသခံများမှ လူမှုရေး ၊ စီးပွားရေး ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ ကုမ္ပဏီ မှ (EIA , SIA)ဆောင်ရွက်လျှက်ရှိပြီး ၊ လမ်းခင်းကျောက်ထုတ်လုပ်ခွင့်အား လက်ခံနိုင်သည့် လုပ်ငန်း (၁)ခုဖြစ်သည့်အတွက် **ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်စီမံချက်ပါအတိုင်းဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိကြောင်း သဘောထား** ပြန်ကြားပါသည်။

ဦးအုန်းမြင့်
ပြည်နယ်ဝန်ကြီးချုပ်

မိတ္တူကို

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ၊ နေပြည်တော်

ပြည်ထောင်စုဝန်ကြီးရုံး ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၊နေပြည်တော်

Mya Kan Engineering Co.,Ltd

ရုံးလက်ခံစာတွဲ

မျှောစာတွဲ

Mya Kan Engineering Co.,Ltd.

သို့
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၁) ရက်။

အကြောင်းအရာ။ ။အဆိုပြုလုပ်ငန်းဆောင်ရွက်မည့်ပုံစံအားတင်ပြခြင်း။

၁။ MyaKan Engineering Co.,Ltd. သည်မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျွဲသေချောင်းကွင်း၊ ငှက်ပျောတောကျေးရွာအနီးရှိ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ ပိုင်ဆိုင်သည့် မြေ (၂၇၉.၄၄) ဧကအားတည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးခွဲကျောက်အမျိုးမျိုးတူးဖော်ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းစီမံကိန်းကိုအကောင်အထည်ဖော် ဆောင်ရွက် မည် ဖြစ်ပါသည်။

၂။ လုပ်ငန်းဆောင်ရွက်ရာတွင်ခေတ်မီစက်ကိရိယာများနှင့်လိုအပ်သောထုတ်လုပ်ရေးအထောက်အကူပြုပစ္စည်းများအားပြည်ပမှတင်သွင်းပြီးထုတ်လုပ်မည်ဖြစ်ကာရရှိလာသောကုန်ချောခွဲကျောက် အရွယ်အစားအမျိုးမျိုးအားဖွံ့ဖြိုးတိုးတတ်လာသော မြန်မာနိုင်ငံတွင် လိုအပ်သောအခြေခံအဆောက်အအုံများ၊ လမ်းတံတားများတည်ဆောက်ရာတွင်အသုံးပြုရန်အတွက် ပြည်တွင်း၌ ၁၀၀% ပြန်လည်ရောင်းချခြင်းအားဆောင်ရွက်ရန်အဆိုပြုတင်ပြသောကုမ္ပဏီဖြစ်ပါသည်။

၃။ ကျွန်တော်တို့ "မြကန် အင်ဂျင်နီးယားရင်းကုမ္ပဏီလီမိတတ် " "MyaKan Engineering Co.,Ltd. " သည်ဆောက်လုပ်ရေးလုပ်ငန်းသုံးခွဲကျောက်များအား ပြည်တွင်း၌တူးဖော်ထုတ်လုပ် ဖြန့်ဖြူးခြင်းဖြင့် နိုင်ငံတော် တွက်ရသင့်ရထိုက်သောအခွန်ဘဏ္ဍာငွေများလည်းအပြည့်အဝ ရရှိမည်ဖြစ်ပါသည်။

၄။ ထို့ပြင် အဆိုပါလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေနိုင်ခြင်း၊ နည်းပညာများတိုးတတ်စေခြင်း၊ မြန်မာနိုင်ငံ ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ မွန်ပြည်နယ်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ခွဲကျောက်များအားအသုံးပြုနိုင်ခြင်း၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတတ်စေခြင်းစသည့်အကျိုးကျေးဇူးများကိုလည်းရရှိစေနိုင်မည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

ဦးဝင်းဦး
Managing Director
MyaKan Engineering Co.,Ltd.

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

Mya Kan Engineering Co.,Ltd.

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၁) ရက်။

အကြောင်းအရာ။ ။အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့်အခြေအနေအားတင်ပြခြင်း။

၁။ MyaKan Engineering Co.,Ltd. သည်မွန်ပြည်နယ်၊ သထုံခရိုင် ၊ ကျိုက်ထိုမြို့နယ်၊ ကျဲသဲချောင်းကွင်း၊ ငှက်ပျောတောကျေးရွာအနီးရှိ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ ပိုင်ဆိုင်သည့် မြေ (၂၇၉.၄၄) ဧကအားတည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးခွဲကျောက်အမျိုးမျိုးတူးဖော်ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက် မည် ဖြစ်ပါသည်။

၂။ ထိုသို့ ဆောက်လုပ်ရေးလုပ်ငန်းသုံးခွဲကျောက်များတူးဖော် ထုတ်လုပ် ဖြန့်ဖြူးခြင်းလုပ်ငန်းများလုပ်ကိုင်ရန်အတွက် လိုအပ်သောဝန်ထမ်းများကို ပြည်တွင်းရှိအတတ်ပညာရှင်များနှင့် လုပ်သားအင်အားများကိုအသုံးပြုပြီး လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါလုပ်ငန်းဆောင်ရွက်ခွင့် ရရှိပါက မြန်မာနိုင်ငံသား ဝန်ထမ်းများ (၁၄၄) ဦးခန့်အလုပ်အကိုင်များရရှိကြမည်ဖြစ်ပါသည်။

၃။ နောင်အချိန်တွင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီးထိုသို့လုပ်ငန်းတိုးချဲ့ဆောင်ရွက်ပါက မြန်မာနိုင်ငံသားဝန်ထမ်းများပိုမို၍အလုပ်အကိုင်ရရှိကြပြီးတဘက်တလမ်းမှလည်းနိုင်ငံတော်၏ ဘဏ္ဍာငွေတိုးတက်ရေးကို ဝန်ထမ်းများ၏ လစာပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ခြင်းဖြင့်လည်းကောင်း၊ လုပ်ငန်းမှဝင်ငွေခွန်များ ပေးဆောင်ခြင်းဖြင့်လည်းကောင်းနိုင်ငံအတွက်အခွန်ဘဏ္ဍာများတိုးတက်ရရှိနိုင်ကြောင်းလေးစားစွာဖြင့် တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

ဦးဝင်းဦး
Managing Director
MyaKan Engineering Co.,Ltd.

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

Mya Kan Engineering Co.,Ltd.

သို့
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၁) ရက်။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဖြင့် Mya Kan Engineering Co.,Ltd. မှ တည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်အမျိုးမျိုး တူးဖော်ထုတ်လုပ် ဖြန့်ဖြူးခြင်းလုပ်ငန်း စီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များရေးဆွဲမည့် အခြေအနေအားတင်ပြခြင်း။

Mya Kan Engineering Co.,Ltd. သည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျွဲသေချောင်းကွင်း၊ ငှက်ပျောတောကျေးရွာအနီးရှိ မြေ (၂၇၉.၄၄) ဧကအား တည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်အမျိုးမျိုး တူးဖော်ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

ယင်းစီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေမှုများ၊ လူမှုအကျိုးစီးပွားနှင့်ကျန်းမာရေးအပေါ် ထိခိုက်စေမှုများမရှိစေရန် (သို့မဟုတ်) နည်းပါးစေရန်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ဆန်းစစ်လေ့လာခြင်း (Environmental Impact Accessment-EIA) လုပ်ငန်းနှင့် အဆိုပါဆန်းစစ်လေ့လာတွေ့ရှိချက်များကိုအခြေခံ၍ ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန် (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် ဆောင်ရွက်မည့် စီမံချက်များပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) တို့ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ အရ လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ ၂၀၁၄ အရ လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ စည်းမျဉ်းများ ၂၀၁၃ အရ လည်းကောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကျွမ်းကျင်သည့်ပညာရှင်များဖြင့် တာဝန်ယူလေ့လာဆန်းစစ်မှုများပြုလုပ်၍ အစီရင်ခံတင်ပြသွားရန်ရှိပါသည်။

အစီရင်ခံစာများကို ပြုစုရာတွင်-

1. အဆိုပြုလုပ်ငန်းစီမံကိန်း၏ နောက်ခံအကြောင်းအရာများ၊ စီမံကိန်း၏ အနီးဝန်းကျင်ရှိ ရူပပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအချက်များ၊ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များ၊ လူမှုစီးပွားဆိုင်ရာ အကြောင်းအရာများကို ကွင်းဆင်းလေ့လာဆောင်ရွက်သွားပါမည်။
2. ကွင်းဆင်းလေ့လာဆောင်ရွက်ရာတွင်လည်း GIS နည်းပညာအသုံးပြု၍ မြေပုံထုတ်ခြင်း၊ မြေဆီလွှာနှင့် ရေနမူနာများယူ၍ စစ်ဆေးခြင်းများကို ပြုလုပ်ဆောင်ရွက်သွားပါမည်။

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

Mya Kan Engineering Co.,Ltd.

3. သဘာဝပတ်ဝန်းကျင်သက်ရောက်နိုင်မှုနှင့် ထိခိုက်နိုင်မှုဆန်းစစ်လေ့လာရာတွင်လည်း အကြိုတည်ဆောက်မှု လုပ်ငန်းဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်းနှင့် လုပ်ငန်းရပ်စဲပြီးကာလဟူ၍ လုပ်ငန်းအဆင့်အသီးသီးအလိုက် ယင်းစီမံကိန်း၏ ပတ်ဝန်းကျင်အပေါ် လူမှုအကျိုးစီးပွားနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်နိုင်မှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ချမှတ်ထားသော သတ်မှတ်ချက်များကိုအခြေခံ၍ အသေးစိတ်လေ့လာဆန်းစစ်ဆောင်ရွက်သွားပါမည်။
4. ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များရေးဆွဲရာတွင်လည်း အကြိုတည်ဆောက်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်းနှင့် လုပ်ငန်းရပ်စဲပြီးကာလဟူ၍ လုပ်ငန်း အဆင့်အသီးသီးအလိုက် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန် (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် အတွက် ဆောင်ရွက်မည့်အစီအမံများ၊ စီမံခန့်ခွဲမှုနှင့် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ၊ အရေးပေါ်အစီအစဉ်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ချမှတ်ထားသော သတ်မှတ်ချက်များကိုအခြေခံ၍ အသေးစိတ်ရေးဆွဲဆောင်ရွက်သွားပါမည်။

ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာအပြည့်အစုံကိုပြုစု၍ ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဦးဝင်းဦး

Managing Director

Mya Kan Engineering Co.,Ltd.

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

Mya Kan Engineering Co.,Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။
ရက်စွဲ ။ ၁၁-၂.၂၀၁၆

အကြောင်းအရာ။ ။ကုမ္ပဏီဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင်သာယာရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများ အားတင်ပြခြင်း။

အထက်အကြောင်းအရာနှင့်ပတ်သက်၍ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ Mya Kan Engineering Co.,Ltd သည် အလုပ်လုပ်ကိုင်တာဝန်ထမ်းရွက်နေကြသည့် ဝန်ထမ်းနှင့်အလုပ်သမားများ အတွက်အောက်ဖော်ပြပါကဏ္ဍများအလိုက် အလုပ်သမားသက်သာချောင်ချိရေးနှင့်လုပ်ငန်းခွင်သာယာရေး တို့အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအား လိုအပ်သလိုဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါသည်။

(၁) အလုပ်သမားကြို/ပို့ယာဉ်ဖြင့်ဝန်ထမ်း၊အလုပ်သမားများအလုပ်တက်၊ဆင်းနိုင်ရန်အတွက် ကြို/ပို့ဖယ်ရီကားများစီစဉ်ထားရှိပါမည်။လုပ်ငန်းမှစီစဉ်ပေးသည့်ကြို/ပို့ဖယ်ရီစီးကြသောအလုပ်သမားများအပေါ် ဖယ်ရီကားခကောက်ခံခြင်းမရှိဘဲအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

(၂) ကုမ္ပဏီဝန်ထမ်း၊အလုပ်သမားများအနေဖြင့်အလုပ်ဆင်းရက်မှန်ကန်ပါကလုပ်ငန်းအားအာရုံစူးစိုက်လုပ်ကိုင်ခြင်းကိုအသိအမှတ်ပြုသည့်အနေဖြင့် ရက်မှန်ဆုကြေးထုတ်ပေးပါမည်။

(၃) လုပ်ငန်းရှိဝန်ထမ်းအလုပ်သမားများအချိန်ပိုဆင်းရပါကတစ်နာရီအတွက်လုပ်အားခငွေကြေး(၂)ဆတွက်ချက်ပေးပါမည်။လုပ်ငန်းလိုအပ်ချက်အရညဥ့်နက်အထိလုပ်ရပါကအစားအသောက်ကျွေးမွေးခြင်းစီစဉ်များဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

(၄) ကုမ္ပဏီတွင်ခန့်အပ်တာဝန်ပေးမည့်ဝန်ထမ်းများ၊အလုပ်သမားများအားလုံးအတွက်လုပ်ငန်းခွင်တွင်စိတ်ဓာတ်တက်ကြွညီညွတ်ရန်အတွက် တူညီဝတ်စုံများ(Uniform) အခမဲ့ထုတ်ဝေပေးမည်ဖြစ်ပါသည်။

(၅) ကုမ္ပဏီတွင်ရှေးဦးသူနာပြုဆေးသေတ္တာထားရှိမည်ဖြစ်ပြီး၊ထိခိုက်ဒဏ်ရာရရှိပါကသက်ဆိုင်ရာနယ်မြေအလိုက်ဖွင့်လှစ်ထားသည့် လူမှုဖူလုံရေးဆေးခန်းသို့စေလွှတ်၍ ဆေးဝါးကုသမှုခံယူပါမည်။

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

(၆) ၂၀၁၂ခုနှစ်လူမှုဖူလုံရေးဥပဒေအရကုမ္ပဏီရှိဝန်ထမ်း၊အလုပ်သမားများအားလုံးအားလူမှုဖူလုံရေးဥပဒေအရလူမှုရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ငွေကြေးအကျိုးခံစားခွင့်များပိုမိုရရှိစေရန်သက်ဆိုင်ရာလူမှုဖူလုံရေးအဖွဲ့၌မှတ်ပုံတင်သွား

မည်ဖြစ်ပါသည်။လူမှုဖူလုံရေးထည့်ဝင်ငွေနှင့်ပတ်သက်၍အလုပ်ရှင်မှထည့်ဝင်ရမည့် ထည့်ဝင်ကြေးအားအလုပ်ရှင်မှထည့်ဝင်သွားမည့်အပြင်အလုပ်သမားများမှထည့်ဝင်ရမည့် ထည့်ဝင်ကြေးများကိုငှင်းတို့၏လစာမှဖြတ်တောက်ပေးသွင်းထည့်ဝင်သွားမည်ဖြစ်ပါသည်။

(၇) ကုမ္ပဏီတွင်တာဝန်ထမ်းဆောင်သည့်ဝန်ထမ်း၊အလုပ်သမားများအနေဖြင့်မိမိတို့မိသားစုအတွင်းသာရေး၊နာရေးကိစ္စများပေါ် ပေါက်ပါကသာရေးနာရေးကူညီထောက်ပံ့ငွေများထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါသည်။

(၈) ကုမ္ပဏီတွင်တာဝန်ထမ်းဆောင်သည့်ဝန်ထမ်း၊အလုပ်သမားများအနေဖြင့်လုပ်ငန်းခွင်အတွင်းအေးချမ်းသာယာစွာအလုပ်လုပ်နိုင်ရန်အတွက်အဆောက်အအုံအတွင်း၌လေဝင်လေထွက်ကောင်းအောင် စီမံထားရှိမည်ဖြစ်ပါသည်။ ထို့အပြင် လေစုပ်ပန်ကာများ၊ လေတွန်းပန်ကာများဖြင့်အဆောက်အအုံအတွင်းရှိ လေထုများအားသန့်ရှင်းအောင်ဆောင်ရွက်မည်ဖြစ်ပါ သည်။

(၉) ကုမ္ပဏီတွင်အလုပ်လုပ်နေကြသည့်ဝန်ထမ်းများ၊အလုပ်သမားများသန့်ရှင်းသောရေသောက်သုံးနိုင်ရန်အတွက်လုပ်ငန်းရှိအဝီစိတွင်းမှရေအားရေသန့်စက်နှင့်ရေစစ်ဘူးများအတွင်းဖြတ်သန်းသိုလှောင်ပြီးသောက်ရေသိုလှောင်သည့်ရေတိုင်ကီအားလေအေးပေးစက်ဖြင့်ဆက်သွယ်ထားရှိပြီးအလုပ်သမားများအေးမြသောသောက်ရေသန့်သောက်သုံးရန်စီစဉ်ထားရှိမည်ဖြစ်ပါသည်။

(၁၀) ကုမ္ပဏီတွင်အလုပ်လုပ်ကြရသည့်ဝန်ထမ်း၊အလုပ်သမားများအနက်မှ ရိုးသား၍အလုပ်ကြိုးစားလုပ်ကိုင်သည့်ကျွမ်းကျင်သူများနှင့်လုပ်ငန်းခွင်အတွင်း အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်လေ့ရှိသည့် ရပ်ဝေးနယ်များမှအလုပ်ရုံတွင်လာရောက်လုပ်ကိုင်ရသည့်အလုပ်သမားများအားကုမ္ပဏီမှလုပ်ငန်းတည်ရှိရာဧရိယာတပိုက်တွင်နေထိုင်ရန်"အဆောင်များ" ဆောင်ရွက်ပေးပါမည်။

လေးစားစွာဖြင့်

ဦးဂင်းဦး
Managing Director
Mya Kan Engineering Co., Ltd.,

Mya Kan Engineering Co.,Ltd.

သို့
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၁) ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ကတိဝန်ခံချက်ပေးပို့ခြင်း။</u>

၁။ Mya Kan Engineering Co.,Ltd. သည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျွဲသေချောင်းကွင်း၊ ငှက်ပျောတော ကျေးရွာအနီးရှိ မြေ (၂၇၉.၄၄) ဧကအား တည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်အမျိုးမျိုး တူးဖော်ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသား ၁၀၀% ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့်လုပ်ငန်းဖြစ်ပါသည်။

(ခ) ဤလုပ်ငန်းသည် နိုင်ငံတော်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်သော အခြေခံစီးပွားရေး အဆောက်အအုံကို အထောက်အကူပြုသော လုပ်ငန်းဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဂ) ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်မဖြစ်ပွားစေရန် အတွက်လိုအပ်သောစီမံချက်များချမှတ်၍လည်းကောင်း၊ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည့်အပြင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအတွက်လည်း စီမံချက်များချမှတ်ဆောင်ရွက်သွား မည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်း၊ လုပ်ထုံး/လုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ဝန်ခံကတိပြုပါသည်။

(ဃ) Mya Kan Engineering Co.,Ltd. သည် ပြည်ပမှ စက်ပစ္စည်းများဝယ်ယူတင်သွင်းရာ၌ ဈေးနှုန်းနှင့် အရည်အသွေး ကောင်းမွန်သော ပစ္စည်းများကိုသာ တင်သွင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(င) လုပ်ငန်းများဆောင်ရွက်ရာမှ နိုင်ငံခြားငွေဖြင့်ရရှိသော ဝင်ငွေများရှိခဲ့ပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (သို့မဟုတ်) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (သို့မဟုတ်) နိုင်ငံခြားငွေများကို တရားဝင်ရောင်းဝယ် ခွင့်ပြုမိန့်ရရှိထားသော ပုဂ္ဂလိကဘဏ်များ၌ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်၍ မပျက်မကွက်ပေးသွင်းသွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

Mya Kan Engineering Co.,Ltd.

(စ) ကုမ္ပဏီ၏နိုင်ငံခြားငွေစာရင်း၌ ပေးသွင်းထားရှိသည့် နိုင်ငံခြားငွေများကို နိုင်ငံတော်မှသတ်မှတ်ခွင့်ပြုထားသည့် နိုင်ငံခြားငွေလဲလှယ်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် အခါအားလျော်စွာပြဌာန်းထားသော အမိန့်ညွှန်ကြားချက်များအတိုင်း လဲလှယ်ပြီး လုပ်ငန်းအတွက်လိုအပ်သည့် အသုံးစရိတ်များနှင့် လုပ်အားခများအား ပေးဆောင်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(ဆ) ထို့အပြင် ကျွန်ုပ်တို့၏ Mya Kan Engineering Co.,Ltd. သည် နိုင်ငံတော်အစိုးရမှပြဌာန်းထားသော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံး/လုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် စည်းကမ်းများအား တိကျစွာလိုက်နာဆောင်ရွက်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းအား တိုးတက်ကြီးပွားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်ဆင့် ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

ဦးဝင်းဦး
Managing Director
Mya Kan Engineering Co.,Ltd.

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

Mya Kan Engineering Co.,Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။
ရက်စွဲ ။ ၁၁-၂-၂၀၁၆

အကြောင်းအရာ ။ ။<u>ဝန်ခံကတိပြုခြင်း</u>။

အထက်အကြောင်းအရာနှင့်ပတ်သက်၍ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ Mya Kan Engineering Co., Ltd တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအားလုံးအား လုပ်ခလစာတစ်နှစ်ရငွေ စုစုပေါင်းသိန်းနှစ်ဆယ်နှင့် အထက်ကျော်လွန်ပါက ဝင်ငွေခွန်ထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လေးစားစွာဖြင့်

ဦးဝင်းဦး
Managing Director
Mya Kan Engineering Co., Ltd.,

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

Mya Kan Engineering Co.,Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။
ရက်စွဲ ။ ၁၁-၂-၂၀၁၆

အကြောင်းအရာ ။ ။ <u>ဝန်ခံကတိပြုခြင်း။</u>

အထက်အကြောင်းအရာနှင့်ပတ်သက်၍ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်၏ Mya Kan Engineering Co., Ltd သည် လျှပ်စစ်ဓါတ်အားမရရှိသောအချိန်တွင်ကိုယ်ပိုင်မီးစက်ထားရှိ၍လျှပ်စစ်မီးအားရယူဆောင် ရွက်မည်ဖြစ်ပါကြောင်းဝန်ခံကတိပြုတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဦးဝင်းဦး

Managing Director

Mya Kan Engineering Co.,Ltd.

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

Mya Kan Engineering Co.,Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။
ရက်စွဲ ။ ၁၁-၂-၂၀၁၆

အကြောင်းအရာ။ ။လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်လူမှုရေးတာဝန်ယူမှုပေါင်းဆောင်ရွက်မှု(CSR) အတွက်ကတိခံဝန်ချက်တင်ပြခြင်းကိစ္စ။

အထက်အကြောင်းအရာပါကိစ္စရပ်နှင့်ပတ်သက်၍ Mya Kan Engineering Company Limited သည် မြန်မာနိုင်ငံမွန်ပြည်နယ်တွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုပြုလုပ်၍ ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်အမျိုးမျိုး အားတူးဖော်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်တင်ပြထားသည် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

မိမိတို့ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်ခွင့်ပြု မိန့်ရရှိခဲ့ပြီး လုပ်ငန်းဆောင်ရွက် လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက လုပ်ငန်း၏အဓိကမောင်းနှင်အားဖြစ်သည့် ကုမ္ပဏီ၏ဝန်ထမ်းများနှင့်အလုပ်သမားများအပါအဝင် လုပ်ငန်းလုပ်ကိုင်ရာဒေသနှင့်ပတ်ဝန်းကျင်ရှိ လူပုဂ္ဂိုလ်များ အားလုံးတို့၏အထွေထွေလူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် "လူမှုရေးတာဝန်ယူမှုပေါင်းဆောင်ရွက်မှု" (CorporateSocial Responsibility) ကျင့်စဉ်များနှင့်အညီဆောင်ရွက်နိုင်ရန် ကုမ္ပဏီ၏နှစ်စဉ်ရရှိသောအမြတ်ငွေ မှ (၂%)အား "လူမှုရေးတာဝန်ယူမှုပေါင်းဆောင်ရွက်မှုရန်ပုံငွေ"အဖြစ် ထူထောင်ထားရှိသွားမည် ဖြစ်ပါသည်။

"လူမှုရေးတာဝန်ယူမှုပေါင်းဆောင်ရွက်မှုရန်ပုံငွေ"မှ အောက်ဖော်ပြပါလုပ်ငန်းများအတွက်အကျိုးရှိစွာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(၁) ဒေသရှိကျောင်းသားလူငယ်များအတွက် ပညာရေးကူညီထောက်ပံ့ခြင်းအတွက် ၂၀ %
(၂) ဒေသရှိပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ၂၀ %
(၃) ဒေသ၏လမ်းပန်းဆက်သွယ်ရေးနှင့် စည်ပင်တိုးတက်ရေးအတွက် ၂၀ %
(၄) ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားရန်အတွက် သင်တန်းများစီစဉ်ပေးခြင်းအတွက် ၂၀ %
(၅) အခြားလုပ်ငန်းများအတွက်အမြဲတမ်းထားရှိမည့်စုဆောင်းရန်ပုံငွေအတွက် ၂၀ %

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

အကယ်၍ကနဦးနှစ်များ၌လုပ်ငန်းအနေဖြင့် အမြတ်ငွေများမရရှိပါကလည်း ကုမ္ပဏီ၏"လူမှုရေးတာဝန်ယူပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ"အား ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ငွေသားကိန်းဂဏန်းတရပ်သတ်မှတ်၍ရန်ပုံငွေထူထောင်ထားရှိမည်ဖြစ်ပါသည်။ ဤရန်ပုံငွေခေါင်းစဉ်အောက်မှ ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းအား ကတိဝန်ခံ ချက်ပြုတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဦးဝင်းဦး
Managing Director
Mya Kan Engineering Co., Ltd.

Mya Kan Engineering Co.,Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။
ရက်စွဲ ။ ၁၁.၂.၂၀၁၆

အကြောင်းအရာ။ ။ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်ထားရှိမည်ဖြစ်ကြောင်းဝန်ခံကတိပြုခြင်း။

အထက်အကြောင်းအရာ နှင့်ပတ်သက်၍ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်ုပ်တို့၏ Mya Kan Engineering Co., Ltd. သည်ကျောက်ထုတ်လုပ်ငန်းများဆောင်ရွက်သည့်လုပ်ငန်းခွင်ဧရိယာအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအနေဖြင့် အောက်ဖော်ပြပါ အတိုင်းဆောင် ရွက်သွားမည် ဖြစ်ပါသည်။

(၁) ရေဂါလံ(၂၅၀၀)ဆန့်ရေသိုလှောင် ကန် (၁) ကန်ကိုတည်ဆောက် ထားရှိမည်ဖြစ်ပါသည်။

(၂) လုပ်ငန်းအဆောက်အအုံမှာလည်း မီးလောင်မှုမှ ကာကွယ်ရန် ရေပုံး ၊မီးကပ် ၊သဲအိတ်၊ မီးသတ်ဗူးများကို အဆင်သင့် ထားရှိမည်ဖြစ်ပါသည်။

(၃) မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် ဝန်ထမ်းအလုပ်သမားများသည် မီးဘေးအန္တရယ်ကြိုတင်ကာကွယ်ခြင်း၊ မီးငြိမ်းသတ်ခြင်း တို့နှင့်ပတ်သက်၍ ဗဟုသုတရရှိရန်အလို့ငှာ မီးသတ်ဦးစီးဌာနမှ ကျွမ်းကျင်သူများ အားဖိတ်ကြား၍ သင်တန်းပို့ချမည် ဖြစ်ပါသည်။

(၄) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းအတွက် စည်းကမ်းချက်များချမှတ်ထားပြီး ယင်းတို့ကိုဝန်ထမ်းများ တိကျစွာလိုက်နာ ဆောင်ရွက်ရန်လည်း စီမံထားရှိပါမည်။

(၅) ဝန်ထမ်းများကိုလည်း မီးဘေးအရေးပေါ်ကာကွယ်နိုင်ရန် မီးသတ်နည်းပညာ လေ့ကျင့်သင်ကြားပေးမည် ဖြစ်ပါသည်။

(၆) လုပ်ငန်းခွင်အတွင်း၊ ရုံးအဆောက်အဦးအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်းကိုတင်းကျပ်စွာတားမြစ်ထားရှိမည်ဖြစ်ပြီး ဆေးလိပ်သောက်သုံးရန်နေရာအား သတ်မှတ်ပေးမည်ဖြစ်ပါသည်။

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

(၇) လျှပ်စစ်နှင့်ပတ်သက်သည့် မီးဘေးအန္တရာယ်များ မဖြစ်ပေါ်စေရန် မီးကြိုးသွယ်တန်းမှုများ၊ မီးခလုတ်ခုံ တပ်ဆင်မှုများ၊ မီးအားမြှင့်စက်များနှင့် လျှပ်စစ်ဓာတ်အားအသုံးပြု၍ လည်ပတ်ရသောလူသုံးအိမ်သုံးပစ္စည်းများ အားအချိန်ဇယားများချမှတ်၍ အမြဲမပြတ်စစ်ဆေးသွားမည်ဖြစ်ပါသည်။

(၈) လုပ်ငန်းခွင်အတွင်းသန့်ရှင်းသပ်ရပ်စေရန် အမှိုက်များအားစနစ်တကျပုံးဖြင့်ထားရှိရန် ၊မီးလောင်လွယ် သည့်မြက်ပင်နှင့်ကိုင်းပင်တို့အား ခုတ်ထွင်ရှင်းလင်းထားမည် ဖြစ်ပါသည်။

(၉) လုပ်ငန်းဆောင်ရွက်မည့်ဧရိယာအတွင်း မီးဘေးအန္တရာယ်ပေါ်ပေါက်ပါက အလွယ်တကူမီးငြိမ်းနိုင်ရန် အတွက်လူသွား၊ယာဉ်သွားလမ်းများ ထားရှိမည်ဖြစ်ပါသည်။

(၁၀) ဧရိယာအလိုက် ထားရှိရန်လိုအပ်သည့် မီးသတ်ဆေးဗူးများအား ရုံးခန်း၊ သိုလှောင်ရုံ၊ မီးဖိုဆောင်၊ စားသောက်ဆောင်၊ မီးစက်၊ ဆီသိုလှောင်သည့်နေရာ၊ ဝန်ထမ်းများအိပ်ဆောင်နှင့် ယမ်းများ သိုလှောင်ထားရှိ သည့်ဂိုဒေါင်များ၌ စနစ်တကျသက်မှတ်အရေအတွက်များအတိုင်း ထားရှိမည်ဖြစ်ပါသည်။

<u>မီးငြိမ်းသတ်ခြင်းနှင့်ပတ်သက်၍အောက်ပါအတိုင်းစီစဉ်ဆောင်ရွက်ထားရှိမည်ဖြစ်ပါသည်။</u>

(၁) လုပ်ငန်းရှိဝန်ထမ်းအလုပ်သမားဦးရေပေါ်မူတည်၍ မီးငြိမ်းသတ်ရေးအဖွဲ့၊ ပစ္စည်းသယ်ယူရေးအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်း၍တာဝန်ပေးအပ်မည်ဖြစ်ပါသည်။

(၂) ဖွဲ့စည်းပြီးသောအဖွဲ့များအနေဖြင့် တစ်ဖွဲ့ချင်းလုပ်ဆောင်ရမည့် အချက်အလတ်များအား တိကျစွာထုတ်ပြန် ထားမည်ဖြစ်ပါသည်။

(၃) အဖွဲ့များအနေဖြင့် ချမှတ်ထားသောမိမိတို့ဆောင်ရွက်ရမည့် အချက်များအား မီးဘေးကိစ္စပေါ်ပေါက်ပါက လွယ်ကူလျှင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် မီးငြိမ်းသတ်ရေး အစမ်းလေ့ကျင့်ခြင်းအစီအစဉ်အား သက်ဆိုင် ရာမြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူပေါင်း၍ဆောင်ရွက်မည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

ဦးဝင်းဦး
Managing Director
Mya Kan Engineering Co., Ltd.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

004883

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ် | သက်တမ်းတိုး

အမှတ် ....၂၂၇၉..../ ၂၀၁၁-၂၀၁၂

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ....မြကန် အင်ဂျင်နီယာ ကုမ္ပဏီ လီမိတက်....

.... အား ပေးရန်တာဝန် အကန့်အသတ်ထားသော လီမိတက်

ကုမ္ပဏီအဖြစ် ၂၀၁၁ ခုနှစ်အောက်တိုဘာလ ၁၄ ရက်နေ့တွင် မှတ်ပုံတင်ထားခြင်းအား

၂၀၁၄ ခုနှစ်အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ သက်တမ်းတိုး ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(နီလာမူ၊ ဒုတိယညွှန်ကြားရေးမှူး)

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. ....2279............ of 2011-2012

I hereby certify that the tenure of ....MYA KAN ENGINEERING..........
........COMPANY LIMITED........................incorporated under the
Myanmar Companies Act on ....14th OCTOBER, 2011..................,
is renewed with effected from ....15th OCTOBER, 2014..................

For Director General
(Nilar Mu, Deputy Director)
Directorate of Investment and Company Administration

ကုမ္ပဏီနှင့်သက်ဆိုင်သည့်အချက်အလက်များ

(က) အုပ်ချုပ်မှုဒါရိုက်တာအမည်၊ ဦးဝင်းဦး.......(၉/ညဥန(နိုင်)၀၃၄၉၈၁)..

(ခ) ကုမ္ပဏီ ရုံးခန်းလိပ်စာ၊ အမှတ်(၅၇-က)၊ သာယာရွှေပြည့်လမ်း၊ (၁၆)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊..............

(ဂ) ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ၀၁-၄၀၁၁၂၁၂ ၊ ၀၉-၇၃၂၁၆၇၅၅ ၊ ၀၉-၇၃၂၁၆၇၆၆

(ဃ) ဒါရိုက်တာများ အမည်စာရင်း– (၁) ဦးသန်းရွှေဇော်....................
၉/ညဥန(နိုင်)၀၃၆၅၇၆
(၂) ဒေါ်အေးနန္ဒာ
၁၂/ရကန(နိုင်)၀၀၀၃၉၃
(၃) ဦးအုန်းကျော်
၁၂/တမန(နိုင်)၀၂၂၃၄၈

မှတ်ချက်။ (၁) ဤကုမ္ပဏီမှတ်ပုံတင်လက်မှတ်သည်မှတ်ပုံတင်ရက်စွဲ(၁၄-၁၀-၂၀၁၄)မှ (၁၃-၁၀-၂၀၁၉)ရက်နေ့အထိ(၅)နှစ်သက်တမ်းအတွက်သာ ဖြစ်သည်။ သက်တမ်း မကုန်ဆုံးမီ (၃)လအလိုတွင် သက်တမ်းတိုးရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထား ရမည်။

(၂) ကုမ္ပဏီ အနေဖြင့် သင်းဖွဲ့မှတ်တမ်းတွင်အဆိုပြု တင်ပြထားသော လုပ်ငန်းရည်ရွယ်ချက်များကိုသာ လုပ်ကိုင်ရမည်။

(၃) သင်းဖွဲ့မှတ်တမ်းပါ ရည်ရွယ်ချက်များသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ခွင့် ရှိမည် ဖြစ်ပါသည်။

(၄) လုပ်ငန်းရည်ရွယ်ချက် ပြောင်းလဲ လုပ်ကိုင်လိုပါက ပြောင်းလဲ လုပ်ကိုင်လိုသည့် လုပ်ငန်း ရည်ရွယ်ချက်များအား သင်းဖွဲ့မှတ်တမ်းတွင် ပြင်ဆင်မှတ်ပုံတင်ရန်အတွက် ဒါရိုက်တာအဖွဲ့(BOD)၏ အထူး အစည်းအဝေး ဆုံးဖြတ်ချက် မှတ်တမ်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန သို့ လျှောက်ထား ရမည် ။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(မော်မော်စိုး ၊ လက်ထောက်ညွှန်ကြားရေးမှူး)

လာရောက်ထုတ်ယူသည့် ရက်စွဲ၊ 13 OCT 2014

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT
DIRECTORATE OF INVESTMENT AND COMPANY ADMINISTRATION

CERTIFICATE OF REGISTRATION OF DOCUMENTS

No. 2279 of 2011 - 2012

IN THE MATTER OF **MYA KAN ENGINEERING COMPANY LIMITED**

I do hereby certify that pursuant to the Myanmar Companies Act.

- Change of Company Address made on 10-6-2015 from No. 57/A, Thar Yar Shwe Pyi Road, Ward No. 16, Yankin Township, Yangon to No. 16/5, Thiri Mingalar Yeikthar Street, Yankin Township, Yangon.

Has / Have been this day duly filed and registered in this office

Dated Yangon, this **EIGHTH** day of **JULY**,

TWO THOUSAND AND **FIFTEEN.**

MEMORANDUM OF FEES PAID

For Registering / Filing ....

				K.	P.
1.	Memorandum of Association	......	......		
2.	Article of Association	......	......		
3.	Notice of situation of registered Office and changes therein	......	......	2,500 .	00
4.	Return of allotments	......	......		
5.	Annual list of members and summary of share Capital (Form E)	......	......		
6.	Balance sheet	......	......		
7.	Special or extraordinary resolution	......	......		
8.	Particular of mortgages and charges	......	......		
9.	Copy of Register of Directors, Managers, or Managing Agents and changes therein	......	......		
10.	Return of persons authorized to accept Services of process and changes therein	......	......		
11.	Registration Fees For A/U Capital.	......	......		
		Total :		2,500 .	00

FOR DIRECTOR GENERAL
(THINN THINN MYAT – DEPUTY DIRECTOR)

Change of Adds: CRD 128

Mya Kan Engineering Co.,Ltd.

သို့
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စာအမှတ် ။ ။ MKE/269/15-16
ရက်စွဲ ။ ။ ၁၀-၂-၂၀၁၆

အကြောင်းအရာ ။ ။ ဒါရိုက်တာ အဖွဲ့ဝင်(၂)ဦး ထပ်မံထည့်သွင်းခွင့်ပြုပါရန်လျှောက်ထားခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ မြကန်အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက် ၏ ဒါရိုက်တာအဖွဲ့ဝင်များတွင် အောက်ပါ ပုဂ္ဂိုလ် (၂) ဦးအား ထပ်မံထည့်သွင်းခွင့်ပြုပါရန် လေးစားစွာလျှောက်ထားအပ်ပါသည်။

၁။ ဦးထိန်လင်း ဒါရိုက်တာ
၂။ ဦးအောင်ဇော်လင်း ဒါရိုက်တာ

လေးစားစွာဖြင့်

Win Oo
Managing Director
Mya Kan Engineering Co., Ltd.

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

Mya Kan Engineering Co.,Ltd.

ရက်စွဲ - ၁၀-၂-၂၀၁၆

ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း

အစည်းအဝေးကျင်းပသည့်နေ့	- ၉-၂-၂၀၁၆
အစည်းအဝေးကျင်းပသည့်အချိန်	- နံနက် (၁၀:၀၀)နာရီ
အစည်းအဝေးကျင်းပသည့်နေရာ	- မြကန်အင်ဂျင်နီယာရင်းကုမ္ပဏီရုံးခန်း

အစည်းအဝေးတက်ရောက်သူများ	ရာထူး	လက်မှတ်
၁။ ဦးဝင်းဦး	မန်နေဂျင်းဒါရိုက်တာ	....
၂။ဦးအုန်းကျော်	ဒါရိုက်တာ	....
၃။ဦးသန်းဌေးဖော်	ဒါရိုက်တာ	....
၄။ဒေါ်အေးနန္ဒာ	ဒါရိုက်တာ	....

အစည်းအဝေးဆုံးဖြတ်ချက်များ

အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ပါပုဂ္ဂိုလ်နှစ်ဦးအား ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်အဖြစ် အများသဘောတူဆုံးဖြတ်ပါသည်။

၁။ ဦးထိန်လင်း	ဒါရိုက်တာ
၂။ ဦးအောင်ဇော်လင်း	ဒါရိုက်တာ

မှတ်တမ်းတင်သူ	အတည်ပြုသူ
	Win Oo Managing Director Mya Kan Engineering Co., Ltd.

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

Mya Kan Engineering Co., Ltd.

တည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး "ခဲ့ကျောက်အမျိုးမျိုး"

ထုတ်လုပ်၊ ဖြန့်ဖြူးရေးလုပ်ငန်း၏

Environment Impact Assessment (EIA) စာတမ်းနှင့်

Environmental Management Plan (EMP) စာတမ်းတို့အတွက်

ပဏာမကွင်းဆင်းလေ့လာမှုအစီရင်ခံစာ

နှင့်

ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ခြင်းအစီရင်ခံစာ (EIA)

နှင့်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့်ပတ်သက်၍ အစီရင်ခံစာ (EMP)

တို့တွင်

ပါဝင်သည့်အချက်များ

February 2016

Mya Kan Engineering Co.,Ltd.

သို့

ညွှန်ကြားရေးမှူးချုပ်

သစ်တောရေးရာဦးစီးဌာန

နေပြည်တော်။

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (   ) ရက်

အကြောင်းအရာ။ ။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် **Mya Kan Engineering Co., Ltd.** မှ ခွဲကျောက်အမျိုးမျိုးထုတ်လုပ်သည့်စီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များ ရေးဆွဲမည့်အခြေအနေကို တင်ပြခြင်း။

၁။ Mya Kan Engineering Co., Ltd. သည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကွဲသေချောင်းကွင်း၊ ငှက်ပျောတောကျေးရွာရှိ မြေဧက (၂၇၉. ၄၄) အနက် ဧက (၄၀) ခန့်အား တည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်အမျိုးမျိုးတူးဖော်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကုမ္ပဏီ၏ ဆောင်ရွက်မည့်စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ၊ လူမှုအကျိုးစီးပွားနှင့် ကျန်းမာရေးအပေါ် ထိခိုက်ပျက်စီးမှုများမရှိစေရန် (သို့မဟုတ်) ထိခိုက်မှုနည်းပါးစေရန် အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) လုပ်ငန်းနှင့် အဆိုပါဆန်းစစ်ချက်များကို အခြေခံ၍ ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန် (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်အတွက် ဆောင်ရွက်သွားမည့်စီမံချက်များပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan - EMP) တို့ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) အရလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄) အရ လည်းကောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီဖြစ်သည့် ကိန်းဂဏန်းများ၊ ပတ်ဝန်းကျင်အခြေအနေများ

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

ပါဝင်သည့် အဖြေများရရှိရန် သင့်တော်သည့် ကျွမ်းကျင်ပညာရှင်များအား ဖိတ်ခေါ်ပူးပေါင်း၍ လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၃။ ကျွမ်းကျင်ပညာရှင်များနှင့် စီမံကိန်းတည်ရှိရာဒေသသို့သွားရောက် ကွင်းဆင်းလေ့လာပြီးနောက် တွေ့ရှိချက်များ၊ ဆွေးနွေးပွဲရလာဒ်များနှင့် ပတ်ဝန်းကျင် ကျေးရွာလူထု၏ သဘောထားများစသည်တို့အပေါ် အခြေခံ၍ ကုမ္ပဏီမှ ပူးတွဲပါအချက်များပါဝင်သည့် Environmental Impact Assessment EIA နှင့် Environmental Management Plan - EMP တို့ကို ပူးတွဲ၍တင်ပြမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်၊

ဦးဝင်းဦး

Managing Direcotor

Mya Kan Engineering Co., Ltd.

Environmental Impact Assessment (EIA) စာတမ်းနှင့်
Environmental Management Plan (EMP) စာတမ်းတို့အတွက်
Mya Kan Engineering Co., Ltd. ၏
ပဏာမကွင်းဆင်းလေ့လာမှုအစီရင်ခံစာ

(၁) နိဒါန်းဖော်ပြချက်

Mya Kan Engineering Co., Ltd. မှ မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျွဲသေချောင်းကွင်း၊ ဇုက်ပျောတောကျေးရွာအနီးရှိ မြေဧက (၄၀) ဧကခန့်အား ကနဦး တည်ဆောက်ရေးနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံး ခဲ့ကျောက်အမျိုးမျိုးထုတ်လုပ်မည့် လုပ်ငန်းစီမံကိန်းနှင့်စပ်လျဉ်း၍ (EIA) နှင့် (EMP) စာတမ်းများ ပြုစုနိုင်ရန်အတွက် Mya Kan Engineering Co., Ltd. မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အရာထမ်းများနှင့် သဘာဝပတ်ဝန်းကျင်ဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စီမံကိန်းတည်ရှိသည့် နေရာသို့ ပဏာမကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ပါသည်။

(၂) ထားရှိသည့် ရည်ရွယ်ချက်

ဤဒေသတွင် နှစ်ရှည်ခဲ့ကျောက်အမျိုးမျိုးထုတ်လုပ်သည့်လုပ်ငန်းအား လုပ်ကိုင်ခွင့်ပြုနိုင်ခြင်းအပေါ် EIA နှင့် EMP စာတမ်းပြုစုရန်အတွက် လိုအပ်သောအချက်အလက်များကောက်ယူရရှိရန်၊ စီမံကိန်းဒေသရှိ ပတ်ဝန်းကျင်အခြေအနေများကို လေ့လာရန်နှင့် ခဲ့ကျောက်အမျိုးမျိုးထုတ်လုပ်မည့် စီမံကိန်းအပေါ် စီမံကိန်းအနီးရှိ ကျေးရွာလူထု၏မှတ်ချက်သဘောထားအမြင်များ ရရှိနိုင်ရန် ကွင်းဆင်းဆောင်ရွက်မည် ဖြစ်ပါသည်။

(၃) ပဏာမကွင်းဆင်းဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များစာရင်း

အဆိုပါ လမ်းခင်းကျောက်ထုတ်လုပ်မည့်နေရာသို့ အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သောအဖွဲ့ဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၂၆)ရက်နေ့တွင် ကွင်းဆင်းလေ့လာခဲ့ပါသည်။

No.(16/5), 7Ward, Thiri Mingalar Yeikthar Street, Yankin Township, Yangon
Tel : 95-1-667597, 661212, 95-9-73216766, 95-9-73216755, Fax : 95-1-661212
Website : www.myakanengg.com

(က) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ

(၁) ဦးဝင်းဦး

(၂) ဒေါ်အေးနန္ဒာ

(၃) ဦးသန်းဌေးဇော်

(၄) ဦးထိန်ဝင်း

(၅) ဦးအောင်ဇော်လင်း

(ခ) ဌာနဆိုင်ရာအကြီးအကဲပုဂ္ဂိုလ်များ

(၁) သထုံခရိုင်မြေစာရင်းဌာနမှူး

(၂) သစ်တောရေးရာဝန်ကြီးဌာနအရာထမ်း

(၃) စက်မှုဝန်ကြီးဌာန၊ ဒေသန္တရစက်မှုကြီးကြပ်မှု အရာထမ်း

(၄) ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၅) မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၆) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အရာထမ်း

(၇) အမျိုးသားစီမံကိန်းဦးစီးဌာနမှ အရာထမ်း

(ဂ) ကျေးရွာအုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များ

(၁) ကျေးရွာအုပ်ချုပ်ရေးမှူး

(၂) ကျေးရွာရပ်မိရပ်ဖများ

(၄) လေ့လာတွေ့ရှိချက်များ

စီမံကိန်းဆောင်ရွက်မည့်ဒေသအား လေ့လာဆန်းစစ်ရာတွင် ဤဒေသတွင် ခဲကျောက်အမျိုးမျိုး ထုတ်လုပ်နိုင်ရန် ကျောက်တောင်ကျောများဖြင့် တည်ရှိနေပါသည်။ ထို့အပြင် ဤဒေသတွင် သစ်ပင်ကြီးများ ပေါက်ရောက်မှုနည်းပါးပြီး သစ်ပင်ငယ်များနှင့်ဝါးပင်ငယ်အချို့သာ ပေါက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ ကျောက်တောင်၏အမြင့်ဆုံးအပိုင်းမှာ မီတာ (၁၅၀) ခန့်ရှိသည်ဟု မှန်းဆရပါသည်။ စီမံကိန်းဒေသတွင်မြစ်ချောင်းများနှင့် ကန်များမရှိပဲ စိမ့်ရေများ အချို့နေရာတွင် အနည်းငယ်စီးဆင်းနေသည်ကို တွေ့ရှိခဲ့ပါသည်။ ထို့အပြင် စီမံကိန်းဆောင်ရွက်မည့်မြေသည် မြေကြီးမြေပုံမှန်ကန်မှုရှိပြီး ကျူးကျော်နေထိုင်မှုများမရှိသည့်အပြင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေခြင်းများမရှိဘဲ ကျောက်ထုတ်လုပ်ငန်းသာ လုပ်ကိုင်ရန်သင့်တော်သည့်မြေအနေအထားဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင်စီမံကိန်းဒေသတွင် လယ်မြေ၊ ခြံမြေ၊ ဥယျာဉ်မြေ၊ သုသာန်မြေများပါဝင်မှုမရှိသည့်အပြင် သာသနိကအဆောက်အဦးများ၊ ပုဂ္ဂလိကအဆောက်အဦး

များဆောက်လုပ်ထားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ စီမံကိန်းဧရိယာသည် ဒေသရှိလမ်းမကြီးများနှင့် ပေပေါင်း (၆၀၀) အတွင်း၊ အဆောက်အဦးများနှင့်ပေပေါင်း (၃၀၀) အတွင်း မကျရောက်သဖြင့် ကျောက်ထုတ်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅) စီမံကိန်းဒေသရှိ ကျေးရွာလူထုသဘောထားအမြင်

စီမံကိန်းဧရိယာအနီးတွင်နေထိုင်ကြသည့် ကျေးလက်ပြည်သူများအနေဖြင့် ယခုကဲ့သို့ စက်ယန္တယား များအားအသုံးပြု၍ စီးပွားဖြစ်ခဲ့ကျောက်အမျိုးမျိုးထုတ်လုပ်သည့်လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည့်အတွက် ကြိုဆိုလျက်ရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ ဝင်ငွေတိုး စေနိုင်မည်ကိုသိရှိရ၍ ကျေနပ်သည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ကျောက်ထုတ်လုပ်စီမံကိန်းရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်မီးရရှိရေးမှာ မကြာမှီဖြစ်ထွန်းလာဖွယ်ရာရှိ၍လည်း ကျေးရွာသူ ကျေးရွာသားများ ကျေနပ်ကြပါသည်။ ထို့အတူ လူသူအရောက်အပေါက်များလာနိုင်၍ အနီးအနားရှိ ကျေးရွာများတွင်လည်း လူမှုစီးပွားရေးများ တစ်စတစ်စတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ၎င်းတို့နားလည် သဘောပေါက်ကြပါသည်။

(၆) ကုမ္ပဏီမှ ဆောင်ရွက်ပေးမည့် လူမှုရေးလုပ်ငန်းစဉ်များ

- တံတား (၁) စင်းဆောက်လုပ်ရန်ရှိပါသည်။
- ဆေးပေးခန်း
- ကျေးရွာစာကြည့်တိုက်
- ကျေးရွာဘုန်းကြီးကျောင်းတရားနာဇရပ်
- ကျေးရွာအနီးပတ်ဝန်းကျင်ရှိ မူလတန်းကျောင်းအတွက် လိုအပ်သည့်စာသင်ခုံများ
- ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်မီးသွယ်တန်းရေး

လိုအပ်သည့်ငွေအနက် ကျပ်သိန်း (၄၀၀) ထည့်ဝင်လှူဒါန်းပြီးဖြစ်ပါသည်။

(၇) နိဂုံး

EIA နှင့် EMP စာတမ်းများပြုစုတင်ပြနိုင်ရန် ပဏာမကွင်းဆင်းလေ့လာမှုဆောင်ရွက်ခြင်းအပေါ် လည်းကောင်း၊ စီမံကိန်းဒေသရှိ ကျေးရွာလူထုနှင့်တွေ့ဆုံဆွေးနွေးမှုရလဒ်အပေါ် အခြေခံ၍လည်းကောင်း၊ အဆိုပြုလုပ်ငန်း စီမံကိန်း၏ပတ်ဝန်းကျင်ရှိ ရူပပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအချက်များ၊ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များ၊ လူမှုစီးပွားအခြေခံဆိုင်ရာ အကြောင်းအချက်များကို ဆက်လက်ကွင်းဆင်း

ဆောင်ရွက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ချမှတ်ထားသည့်အမိန့်၊ ညွှန်ကြားချက်များကိုအခြေခံ၍ အသေးစိတ်ရေးဆွဲတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်၊



ဦးဝင်းဦး

Managing Direcotor

Mya Kan Engineering Co., Ltd.

ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာဆန်းစစ်ခြင်း အစီရင်ခံစာ (EIA) နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာ (EMP) တို့တွင် ပါဝင်သည့်အချက်များ

၁။ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ခြင်းအစီရင်ခံစာ (EIA)

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီင်ခံစာ (EIA) တွင် ပါဝင်သည့်အချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

အခန်း (၁) နိဒါန်း

(က) အကျဉ်းချုပ်အစီရင်ခံစာ၊

(ခ) မူဝါဒဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်၊
တည်ဆဲပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ၊ အခြားပတ်ဝန်းကျင်နှင့် ဆက်စပ်သည့် တည်ဆဲဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်း များ၊ လမ်းညွှန်ချက်များအပါအဝင် မူဝါဒနှင့်ဥပဒေမူဘောင်၊

(ဂ) အစီအရင်ခံစာ၏ နောက်ကြောင်းခံအကြောင်းအရာ

(ဃ) ရည်ရွယ်ချက်၊

(င) အစီရင်ခံစာတွင်ပါဝင်သည့် အခန်းကဏ္ဍ၊

(စ) သုတေသနအဖွဲ့ဝင်စာရင်း၊

အခန်း (၂) အနီးပတ်ဝန်းကျင်အကြောင်းအရာများဖော်ပြချက်

(က) မြေမျက်နှာသွင်ပြင်မြေပုံ၊ လွှမ်းခြုံမြေပုံ၊ လုပ်ငန်းဌာနအလိုက်မြေပုံ၊ ပြိုဟ်ဓာတ်ပုံများ အပါအဝင် ရူပပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအချက်များ၊

(ခ) ဇီဝမျိုးစုံမျိုးကွဲများ၊ ရာသီဥတုအခြေအနေများအပါအဝင် သက်ရှိဇီဝဆိုင်ရာ အကြောင်း အချက်များ၊

(ဂ) မြေအသုံးချမှု၊ လူဦးရေပြန့်နှံ့နေထိုင်မှုများ၊ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာအခြေ အနေများ၊ အသက်မွေးဝမ်းကျောင်းမှုအခြေအနေများ၊ အခြားလူမှုစီးပွားရေးညွှန်းကိန်း များအပါအဝင် လူမှုစီးပွားဆိုင်ရာ အကြောင်းအချက်များ၊

(ဃ) ယဉ်ကျေးမှုဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ အထင်ကရနေရာများအပါအဝင် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအချက်များ၊

အခန်း (၃) စီမံကိန်းအကြောင်းအရာဖော်ပြချက်

(က) စီမံကိန်း၏နောက်ခံအကြောင်းအရာ၊

(ခ) စီမံကိန်းတည်နေရာ၊ စီမံကိန်းနေရာတစ်ခုလုံးကို ခြုံငုံဖော်ပြသည့်မြေပုံနှင့် လုပ်ငန်းခွင်အလိုက်နေရာချထားမှုမြေပုံများ၊

(ဂ) စီမံကိန်း၏လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အသေးစိတ်အစီအစဉ်များ၊ အချက်အလက်များ၊

(ဃ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအစီအမံများ၊

(င) ဝန်ထမ်းများအတွက်လူမှုဖူလုံရေးဆိုင်ရာအစီအမံများ၊

(စ) စီမံကိန်းတည်ရာဒေသအတွက်လူမှုအကျိုးစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအမံများ (CSR)

(ဆ) သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအတွက် လျာထားရန်ပုံငွေ၊

(ဇ) ဒေသခံများ၏စီမံကိန်းအပေါ် သဘောထားမှတ်ချက်၊

အခန်း (၄) ပတ်ဝန်းကျင်သတ်ရောက်မှုနှင့် ထိခိုက်နိုင်မှုဆန်းစစ်ခြင်းလုပ်ငန်းများ **(EIA)**

(က) စီမံကိန်းအနီးဝန်းကျင်ရှိ မြေနှင့်ရေ၏ကနဦးအခြေအနေများကိုစစ်ဆေးခြင်း၊

(ခ) အကြိုတည်ဆောက်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်းနှင့် လုပ်ငန်းရပ်စဲပြီးကာလဟူသည့် စီမံအဆင့်အသီးသီးအလိုက် လေထုညစ်ညမ်းမှု၊ အသံညစ်ညမ်းမှု၊ ရေထုညမ်းညမ်းမှု၊ ဂေဟစနစ်ဆိုင်ရာထိခိုက်နိုင်မှုများ၊ စွန့်ပစ်ပစ္စည်းများမှ ရေထုနှင့် မြေထုအပေါ် သက်ရောက်နိုင်မှုများ၊ လုပ်ငန်းခွင်အတွင်းထိခိုက်နိုင်မှုများကို အခြေခံ၍ စီမံကိန်း၏အကျိုးသက်ရောက်နိုင်မှုများကို အကဲဖြတ်ဖော်ထုတ်ခြင်း၊

(ဂ) အများပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ၊ ယင်းဆွေးနွေးညှိနှိုင်းမှုများမှရရှိသည့်ရလဒ်များ၊ ဒေသခံများ၏ စီမံကိန်းအပေါ် သဘောထားမှတ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်ဆွေးနွေးညှိနှိုင်းမှုများစသည်တို့အပေါ်အခြေခံ၍ လူမှုစီးပွားဆိုင်ရာ အကျိုးသက်ရောက်နိုင်မှုများကို အကဲဖြတ်ဖော်ထုတ်ခြင်း၊

(ဃ) နိဂုံးချုပ်

(င) ပတ်ဝန်းကျင်ထိခိုက်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် - ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၏ တိကျမှုနှင့်ပြည့်စုံမှုရှိကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထခိုက်မှုဆန်းစစ်ခြင်း

ပြုလုပ်ရန် လုပ်ငန်းတာဝန်များနှင့်အညီ တိကျစွာ လိုက်နာပြုစုကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်အစီရင်ခံစာပါကတိကဝတ်များနှင့် အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းအဆိုပြုသူ၏အတည်ပြုဝန်ခံချက်များပါဝင်မည်ဖြစ်ပါသည်။

၂။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင်ပါဝင်သည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အခန်း (၁) နိဒါန်း

(က) အကျဉ်းချုပ်အစီရင်ခံစာ၊

(ခ) မူဝါဒဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်၊
တည်ဆဲပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အခြားပတ်ဝန်းကျင်နှင့်ဆက်စပ်သည့် တည်ဆဲဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အပြည့်ပြည်ဆိုင်ရာစံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များအပါအဝင် မူဝါဒနှင့် ဥပဒေမူဘောင်၊

(ဂ) အစီရင်ခံစာ၏ နောက်ခံအကြောင်းအရာ၊

(ဃ) ရည်ရွယ်ချက်

(င) အစီရင်ခံစာတွင်ပါဝင်သည့်အခန်းကဏ္ဍ၊

(စ) သုတေသနအဖွဲ့ဝင်စာရင်း၊

အခန်း (၂) အနီးပတ်ဝန်းကျင်အကြောင်းအရာများဖော်ပြချက်

(က) မြေမျက်နှာသွင်ပြင်မြေပုံ၊ လွှမ်းခြုံမြေပုံ၊ လုပ်ငန်းဌာနအလိုက်မြေပုံ၊ ဂြိုလ်ဓာတ်ပုံအပါအဝင် ရူပပတ်ဝန်းကျင် ဆိုင်ရာအကြောင်းအချက်များ၊

(ခ) ဇီဝမျိုးစုံမျိုးကွဲများ။ ရာသီဥတုအခြေအနေများအပါအဝင် သက်ရှိဇီဝဆိုင်ရာအကြောင်းအချက်များ၊

(ဂ) မြေအသုံးချမှု၊ လူဦးရေပြန့်နှံ့နေထိုင်မှုများ၊ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာအခြေအနေများ၊ အသက်မွေးဝမ်းကျောင်းမှုအခြေအနေများ၊ အခြားလူမှုစီးပွားရေးညွှန်းကိန်းများ အပါအဝင် လူမှုစီးပွားဆိုင်ရာ အကြောင်းအချက်များ၊

(ဃ) ယဉ်ကျေးမှုဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ အထင်ကရနေရာများ အပါအဝင် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအချက်များ၊

အခန်း (၃) စီမံကိန်းအကြောင်းအရာဖော်ပြချက်

(က) စီမံကိန်း၏နောက်ခံအကြောင်းအရာ၊

(ခ) စီမံကိန်းတည်နေရာ၊ စီမံကိန်းနေရာတစ်ခုလုံးကို ခြုံငုံဖော်ပြသည့်မြေပုံနှင့် လုပ်ငန်းခွင်အလိုက်နေရာချထားမှု မြေပုံများ၊

(ဂ) စီမံကိန်း၏လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အသေးစိတ်အစီအစဉ်များ၊ အချက်အလက်များ၊

(ဃ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအစီအမံများ၊

(င) ဝန်ထမ်းများအတွက်လူမှုဖူလုံရေးဆိုင်ရာအစီအမံများ၊

(စ) စီမံကိန်းတည်ရှိရာဒေသအတွက် လူမှုအကျိုးစီးပွားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအမံများ (CSR)

(ဆ) သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအတွက် လျာထားရန်ပုံငွေ၊

(ဇ) ဒေသခံများ၏ စီမံကိန်းပေါ်သဘောထားမှတ်ချက်၊

အခန်း (၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ **(EMP)**

(က) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကိုအခြေခံ၍ စီမံကိန်း၏အကြိုတည်ဆောက်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်းနှင့် လုပ်ငန်းရပ်စဲပြီးကာလဟူသည့် စီမံအဆင့်အသီးသီးအလိုက် လေထုညစ်ညမ်းမှု၊ အသံညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ ဂေဟစနစ်ဆိုင်ရာထိခိုက်နိုင်မှုများ၊ စွန့်ပစ်ပစ္စည်းများမှ ရေထုနှင့် မြေထုအပေါ် သက်ရောက်နိုင်မှုများ၊ လုပ်ငန်းခွင်အတွင်း ထိခိုက်နိုင်မှုများစသည့် အကျိုးသက်ရောက်မှုများလျော့နည်းစေရန် စီမံခန့်ခွဲမည့်အသေးစိတ်အစီအစဉ်များ၊

(ခ) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ
ကဏ္ဍအလိုက် လေ - အရည်အသွေး၊ ရေ - အရည်အသွေး၊ စွန့်ပစ်ပစ္စည်း၊ အသံ၊ အနံ့၊ ဓာတုပစ္စည်း၊ ဇီဝမျိုးစုံမျိုးကွဲ၊ လုပ်ငန်းခွင်ဆိုင်ရာနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့်လုံခြုံရေး၊ အလုပ်အကိုင်နှင့် လေ့ကျင့်သင်ကြားမှု၊ အရေးပေါ်အစီအစဉ်များ၊ ရန်ပုံငွေလျာထားချက်နှင့် တာဝန်များ၊

